(၁) **မေး။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် တရားမမှုများတွင်တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစမ်းသပ်အစီအစဉ်ကို မည်သည့်အတွက်ကြောင့် ဆောင်ရွက်ခဲ့သနည်း။

**ဖြေ။** ။ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် **အရည်အသွေးမြင့်တရားမျှတမှုကို လူတိုင်းသို့ ဖြည့်ဆည်းပေးရန်၊ တရားရုံးများအပေါ် ပြည်သူလူထု၏ စိတ်ချယုံကြည်မှုနှင့် ထိရောက်မှုရှိသည့် တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ရန်** ဟူသောရည်မှန်းချက်များဖြင့် (၅)နှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ယင်းစီမံကိန်း၏ မဟာဗျူဟာလုပ်ငန်းနယ်ပယ် (၅) တွင် တရားရုံးက အငြင်းပွားမှုများအား ထိရောက်မြန်ဆန်စွာ ဖြေရှင်းပေးသောစနစ်များကို သတ်မှတ်ဆောင်ရွက်ရန်ဟု ဖော်ပြပါရှိပါသည်။ သို့ဖြစ်၍ တရားရုံးများက တရားမမှုများကို ဥပဒေနှင့်အညီ အချိန်တိုတိုဖြင့် ကုန်ကျစရိတ်သက်သာစွာ ဖြေရှင်းပေးနိုင်သည့် "တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်" ကို စမ်းသပ်အစီအစဉ်အဖြစ် မြို့နယ်တရားရုံး (၈) ရုံးနှင့် ခရိုင်တရားရုံး (၂) ရုံးတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်ပါသည်။

(၂) **မေး။** ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို မည်သည့်တရားရုံးများတွင် ဆောင်ရွက်နေသနည်း။

**ဖြေ။** ။ တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးစနစ်ကို နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင်တရားရုံး၊ ပျဉ်းမနားမြို့နယ်တရားရုံး၊ လယ်ဝေးမြို့နယ်တရားရုံး၊ တပ်ကုန်းမြို့နယ်တရားရုံး၊ ဒက္ခိဏသီရိမြို့နယ်တရားရုံး၊ ဇမ္ဗူသီရိမြို့နယ်တရားရုံး၊ ပုဗ္ဗသီရိမြို့နယ်တရားရုံး၊ ဥတ္တရသီရိမြို့နယ်တရားရုံး၊ ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်တရားရုံးနှင့်တောင်ငူမြို့နယ်တရားရုံးတို့တွင် ဆောင်ရွက်လျက်ရှိပါသည်။

(၃) **မေး။** ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တစ်နိုင်ငံလုံးတွင် မည်သည့်အချိန်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည်နည်း။

**ဖြေ။** ။ (၅) နှစ်တာတရားစီရင်ရေးမဟာဗျူဟာစီမံကိန်း (၂၀၁၈-၂၀၂၂) အရ တရားမမှုများတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးစနစ်ကို တစ်နိုင်ငံလုံးရှိ တရားရုံးများတွင် ၂၀၂၂ ခုနှစ်၌ အကောင်အထည်ဖော် ဆောင်ရွက်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိပါသည်။

(၄) **မေး။** ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို အသုံးပြုခြင်းအားဖြင့် တရားရုံး အသုံးပြုသူများအတွက် မည်သည့်အကျိုးကျေးဇူးများ ရရှိနိုင်သနည်း။

**ဖြေ။** ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို အသုံးပြုခြင်းအားဖြင့် တရားရုံး အသုံးပြုသူများသည် အောက်ပါအကျိုးကျေးဇူးများ ရရှိနိုင်ပါသည် -

(၁) စေ့စပ်ဖြေရှင်းရေးကို အများပြည်သူရှေ့မှောက်တွင် ဆောင်ရွက်ရန်မလိုအပ် သည့်အတွက် အမှုသည်များအနေဖြင့် မိမိထိန်းသိမ်းလိုသည့် သတင်းအချက် အလက်များအား လုံခြုံစွာ လျှို့ဝှက်ထားနိုင်ခြင်း၊

(၂) တရားမမှုများအား စေ့စပ်ဖြေရှင်းရာတွင် လိုက်နာရန်သတ်မှတ်ထားသော စည်းကမ်းချက်များကိုသာ လိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အတွက် အမှုသည်များအနေဖြင့် မိမိတို့တင်ပြလိုသည့်အကြောင်းအရာများကို လွယ်ကူ ရိုးရှင်းစွာ တင်ပြပြောဆိုနိုင်ခြင်း၊

(၃) စေ့စပ်ဖြေရှင်းရေးသည် ရိုးရှင်းသည့်စနစ်ဖြစ်၍ အမှုသည်များသည် ၎င်းတို့ အမှုတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ခြင်း၊

(၄) အချိန်တိုအတွင်း ကုန်ကျစရိတ်သက်သာစွာဖြင့် ဆောင်ရွက်နိုင်ခြင်း၊

(၅) အမှုသည်များအနေဖြင့် မိမိတို့အမှန်တကယ် ရယူလိုသည့် အခွင့်အရေးကို ကိုယ်တိုင်ညှိနှိုင်းရယူနိုင်သည့်အတွက် ရလဒ်အပေါ် စိတ်ကျေနပ်မှုမြင့်မား စေနိုင်ခြင်း၊

(၆) စေ့စပ်ဖြေရှင်းနေစဉ်အတွင်း အမှုသည်များအချင်းချင်း အပြန်အလှန်ညှိနှိုင်း အဖြေရှာခြင်းအားဖြင့် ၎င်းတို့ကြားဆက်ဆံရေးကို တိုးတက်ကောင်းမွန်လာ စေနိုင်ခြင်း၊

(၅) **မေး။** ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေး၏ အားနည်းချက်များမှာ အဘယ် နည်း။

**ဖြေ။** ။ စေ့စပ်ဖြေရှင်းရေးဖြင့် သဘောတူညီချက်မရရှိလျှင် အမှုသည်များအနေဖြင့် စေ့စပ် ဖြေရှင်းသည့်ကာလနှင့် လုပ်အားများ အဟောသိကံ ဖြစ်စေနိုင်ပါသည်။

(၆) **မေး။** ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရာတွင် အမှုသည်များ အနေဖြင့် ရှေ့နေငှားရမ်းဆောင်ရွက်နိုင်ပါသလား။

**ဖြေ။** ။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရာတွင် အခြေခံမူအားဖြင့် အမှုသည်များသည်၎င်းတို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သို့သော် ရှေ့နေငှားရမ်း၍ ရှေ့နေ နှင့်အတူ ပါဝင်ဆောင်ရွက်ခြင်းကိုလည်း တားမြစ်ထားခြင်းမရှိပေ။

(၇) **မေး။** ။ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရာတွင် အမှုသည်များ၏ရှေ့နေများသည် ပါဝင် ဆောင်ရွက်ခွင့် ရှိပါသလား။

**ဖြေ။** ။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရာတွင် အခြေခံမူအားဖြင့် အမှုသည်များသည် ၎င်းတို့ ကိုယ်တိုင် ပါဝင်ဆွေးနွေးညှိနှိုင်းရန် လိုအပ်ပါသည်။ သို့သော် အမှုသည်တို့၏ ရှေ့နေများသည်လည်း မိမိအမှုသည်အကျိုးအတွက် အမှုသည်နှင့်အတူ ပါဝင် ဆောင်ရွက်နိုင်ပါသည်။

(၈) **မေး။** ။ အခြားသူတစ်ယောက်၏ အကူအညီလိုအပ်သည့် မသန်စွမ်းသူတစ်ဦးအနေဖြင့် ၎င်းအား ကူညီမည့်သူနှင့်အတူ စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်သည့်အခန်းသို့ ဝင်ရောက်ခွင့်ရှိပါသလား။

**ဖြေ။** ။ ဝင်ရောက်ခွင့်ရှိပါသည်။

(၉) **မေး။** ။ အငြင်းပွားမှုကိုသိရှိသော အမှုသည်မဟုတ်သည့် အခြားသူသည် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရာတွင် ပါဝင်ခွင့် ရှိပါသလား။

**ဖြေ။** ။ အငြင်းပွားမှုကိုသိရှိသော အမှုသည်မဟုတ်သည့် အခြားသူသည် စေ့စပ်ဖြေရှင်းရေး ဆောင်ရွက်ရာတွင် ပါဝင်လိုပါက စေ့စပ်ဖြေရှင်းရေးအရာရှိ၏ ခွင့်ပြုချက် ရယူရန် လိုအပ်ပါသည်။

(၁၀) **မေး။** ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန်အတွက် ရုံးခွန် ထပ်မံ ပေးဆောင်ရန်လိုအပ်ပါသလား။

**ဖြေ။** ။ အမှုသည်များအနေဖြင့် ထိုက်သင့်သည့်ရုံးခွန်ကို တရားမကြီးမှုတွင် ပေးဆောင်ပြီး ဖြစ်သည့်အတွက် စေ့စပ်ဖြေရှင်းဆောင်ရွက်ရာတွင် ရုံးခွန် ထပ်မံပေးဆောင်ရန် မလိုအပ်ပါ။

(၁၁) **မေး**။ ။ မည်သည့်တရားမမှုများသည် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် သတ်မှတ်ထားသည့်အမှုများ ဖြစ်သနည်း။

**ဖြေ**။ ။ အောက်ပါတရားမမှုများသည် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် သတ်မှတ်ထားသည့်အမှုများ ဖြစ်ပါသည် -

(၁) မိသားစုဆိုင်ရာအငြင်းပွားမှုများ

(၂) ငွေကြေးဆိုင်ရာအငြင်းပွားမှုများ

(၃) ကူးသန်းရောင်းဝယ်ရေးဆိုင်ရာအငြင်းပွားမှုများ

(၁၂) **မေး**။ ။ မည်သည့်အမှုများသည် အမှုသည်များက မိမိဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နိုင်သောအမှုများ ဖြစ်သနည်း။

**ဖြေ**။ ။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် သတ်မှတ်ထားသည့်အမှုများမှအပ အခြားအမှုများသည် အမှုသည်များက မိမိတို့၏ဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နိုင်သောအမှုများ ဖြစ်ပါသည်။

(၁၃) **မေး**။ ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို အမှု၏မည်သည့်အဆင့်တွင် စတင်ဆောင်ရွက်သနည်း။

**ဖြေ**။ ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို တရားမမှုအား စစ်ဆေးကြားနာမှု မစတင်မီအဆင့်တွင် စတင်ဆောင်ရွက်ပါသည်။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် သတ်မှတ်ထားသည့်အမှုများနှင့် အမှုသည်များက မိမိဆန္ဒအလျောက် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်လိုသည့် တရားမမှုများတွင် အမှုစစ်တရားသူကြီးက ယင်းအမှုအား စေ့စပ်ဖြေရှင်းရေးဌာနသို့ လွှဲပြောင်းပေးပြီးနောက် စေ့စပ်ဖြေရှင်းရေး စတင်ဆောင်ရွက်ပါသည်။

(၁၄) **မေး**။ ။ စေ့စပ်ဖြေရှင်းရေးအရာရှိများအားမည်သို့တာဝန်ပေးအပ်သနည်း။

**ဖြေ**။ ။ စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ကောင်းစွာ လေ့ကျင့်သင်ကြားပေးပြီးဖြစ်သည့် တရားသူကြီး (သို့မဟုတ်) တရားရေးအရာရှိများအနက်မှ သင့်လျော်သူများအား စေ့စပ်ဖြေရှင်းရေးအရာရှိအဖြစ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က အမိန့်ထုတ်ပြန် တာဝန်ပေးအပ်ခြင်း ဖြစ်ပါသည်။

(၁၅) **မေး။** ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရာတွင်အမှုသည်များက စေ့စပ်ဖြေရှင်းရေးအရာရှိအားရွေးချယ်ခွင့်ရှိပါသလား။

**ဖြေ။** ။ ရွေးချယ်ခွင့်မရှိပါ။

(၁၆) **မေး။** ။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်သည့်အခန်းတွင် နှစ်ဖက်အမှုသည်များက တစ်ဦးနှင့်တစ်ဦး မျက်နှာချင်းဆိုင်ဆွေးနွေးလိုခြင်းမရှိလျှင် မည်သို့ဆောင်ရွက်မည်နည်း။

**ဖြေ။** ။ အမှုသည်တစ်ဦးက တစ်ဖက်အမှုသည်နှင့် မျက်နှာချင်းဆိုင်ဆွေးနွေးလိုခြင်း မရှိကြောင်း စေ့စပ်ဖြေရှင်းရေးအရာရှိထံ ပြောကြားလာသည့်အခါ ဖြေရှင်းရမည့်ပြဿနာပေါ်မူတည်၍ နှစ်ဘက်အမှုသည်များကို တပြိုင်နက်တည်း တွေ့ဆုံမည်သို့မဟုတ် သီးခြားစီတွေ့ဆုံမည်ကို စေ့စပ်ဖြေရှင်းရေးအရာရှိက မှန်ကန်စွာဆုံးဖြတ်မည်ဖြစ်ပါသည်။

(၁၇) **မေး။** ။ အမှုသည်များသည် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်နေစဉ်တွင် သက်သေခံစာရွက်စာတမ်းများ တင်ပြနိုင်ပါသလား။

**ဖြေ။** ။ အမှုသည်များသည် စစ်ဆေးဖြေရှင်းရေးဆောင်ရွက်နေစဉ်တွင် သက်သေခံစာရွက်စာတမ်းများ တင်ပြရန်မလိုအပ်ပါ။ သို့သော် မိမိတို့ဆန္ဒရှိပါက ယင်းစာရွက်စာတမ်းများအား စေ့စပ်ဖြေရှင်းရေးအရာရှိထံ ပြသနိုင်ပါသည်။

(၁၈) **မေး။** ။ စေ့စပ်ဖြေရှင်းရေးအောင်မြင်သည်ဟု မည်သည့်အချိန်တွင် သတ်မှတ်နိုင်သနည်း။

**ဖြေ။** ။ ဥပဒေနှင့်ညီညွတ်၍ နှစ်ဖက်အမှုသည်များက ကျေကျေနပ်နပ် လက်ခံနိုင်သောသဘောတူညီချက်ရရှိသည့်အခါ စေ့စပ်ဖြေရှင်းရေးအောင်မြင်သည်ဟု သတ်မှတ်နိုင်ပါသည်။

(၁၉) **မေး။** ။ စေ့စပ်ဖြေရှင်းရေးသဘောတူညီချက်ရရှိလျှင် အမှုသည်များက မည်သို့ဆက်လက်ဆောင်ရွက်မည်နည်း။

**ဖြေ။** ။ စေ့စပ်ဖြေရှင်းရေးသဘောတူညီချက်ရရှိလျှင် ယင်းသဘောတူညီချက်အရ အမိန့်တစ်ရပ်ချမှတ်ပေးရန် အမှုသည်များက အမှုစစ်တရားသူကြီးထံ လျှောက်ထားရမည်ဖြစ်သည်။

(၂၀) **မေး။** ။ တရားရုံးကချမှတ်သည့်အမိန့်ကို လိုက်နာခြင်းမရှိပါက မည်ကဲ့သို့ဖြေရှင်းဆောင်ရွက်နိုင်ပါသနည်း။

**ဖြေ။** ။ တရားရုံးကချမှတ်သည့်အမိန့်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက တရားရုံးတွင် တရားမကျင့်ထုံးဥပဒေနှင့်အညီ ဆက်လက်လျှောက်ထား ဆောင်ရွက်နိုင်ပါသည်။

(၂၁) **မေး။** ။ စေ့စပ်ဖြေရှင်းရေးမအောင်မြင်လျှင် မည်သို့ဆက်လက်ဆောင်ရွက်မည်နည်း။

**ဖြေ။** ။ စေ့စပ်ဖြေရှင်းရေးမအောင်မြင်ကြောင်း အစီရင်ခံစာကို လက်ခံရရှိသည့်အခါ အမှုစစ် တရားသူကြီးသည် ယင်းအမှုကို တရားမကျင့်ထုံးဥပဒေနှင့်အညီ ဆက်လက် စစ်ဆေးဆောင်ရွက်မည် ဖြစ်ပါသည်။

(၂၂) **မေး။** ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးမအောင်မြင်လျှင် အမှုသည်များသည် တရားရုံးကဦးဆောင်သည့်စေ့စပ်ဖြေရှင်းရေးကိုထပ်မံဆောင်ရွက်နိုင်ပါသလား။

**ဖြေ။** ။ လက်ရှိအခြေအနေတွင် တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးကို တရားမမှုများတွင် တစ်ကြိမ်သာဆောင်ရွက်ပေးပါသည်။ ယင်းစေ့စပ်ဖြေရှင်းရေး မအောင်မြင်သော်လည်း အမှုသည်များအနေဖြင့် တရားရုံးပြင်ပတွင် မိမိတို့အချင်းချင်း ထပ်မံညှိနှိုင်း ဆောင်ရွက်နိုင်ပါသည်။

(၂၃) **မေး။** ။ စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် အချိန်ကာလသတ်မှတ်ချက် ရှိပါသလား။

**ဖြေ။** ။ တရားမမှုတွင် မှုခင်းစီမံခန့်ခွဲမှုအစည်းအဝေး ပြုလုပ်ပြီးနောက် စေ့စပ်ဖြေရှင်းရေးဆောင်ရွက်ရန် ယေဘုယျအားဖြင့် အချိန်ကာလ (၁) လ သတ်မှတ်ထားသော်လည်း၊ လုံလောက်သော အကြောင်းရှိပါက အချိန်ကာလ တိုးမြှင့်ဆောင်ရွက်နိုင်ပါသည်။

(၂၄) **မေး။** ။ စေ့စပ်ဖြေရှင်းရေးမအောင်မြင်ကြောင်း မည်သည့်အခြေအနေတွင် သတ်မှတ်နိုင်သနည်း။

**ဖြေ။** ။ စေ့စပ်ဖြေရှင်းရေးမအောင်မြင်ကြောင်း အောက်ပါအခြေအနေများတွင် သတ်မှတ်နိုင်ပါသည် -

- စေ့စပ်ဖြေရှင်းရန် ချိန်းဆိုသည့်နေ့ရက်တွင် အမှုသည်လာရောက်ရန် ပျက်ကွက်ခြင်း၊
- စေ့စပ်ဖြေရှင်းသော်လည်း သဘောတူညီချက်ရရှိရန် အလားအလာမရှိခြင်း၊
- အမှုသည်များက စေ့စပ်ဖြေရှင်းလိုသောဆန္ဒ မရှိခြင်း၊
- အမှုသည်များက စေ့စပ်ဖြေရှင်းရေးကို အပြီးသတ်လိုသောဆန္ဒ ရှိခြင်း၊
- စေ့စပ်ဖြေရှင်းရေးခွင့်ပြုသည့်ကာလ ကုန်ဆုံးသည့်တိုင် သဘောတူညီမှု မရရှိခြင်း၊
- ရရှိလာသော သဘောတူညီချက်သည် တည်ဆဲဥပဒေနှင့် မညီညွတ်ခြင်း သို့မဟုတ် မျှတမှုမရှိခြင်း သို့မဟုတ် ယင်းသဘောတူညီချက်အား ပြန်လည်သုံးသပ်ရန် ပြောကြားသော်လည်း လိုက်နာရန်ပျက်ကွက်ခြင်း၊

(၂၅) **မေး**။ ။ စေ့စပ်ဖြေရှင်းရေး မအောင်မြင်ပါက စေ့စပ်ဖြေရှင်းရေးတွင် ဆွေးနွေးသည့် အကြောင်းအရာများကို အမှုစစ်ဆေးရာတွင် သက်သေခံအဖြစ် တင်ပြခွင့်ရှိပါသလား။

**ဖြေ**။ ။ တင်ပြခွင့်မရှိပါ။

(၂၆) **မေး**။ ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ ထပ်မံသိရှိလိုလျှင် မည်သို့လေ့လာသိရှိနိုင်မည်နည်း။

**ဖြေ**။ ။ တရားရုံးကဦးဆောင်သည့် စေ့စပ်ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ တရားရုံးများတွင် ဖြန့်ဝေထားသော လက်ကမ်းစာစောင်၊ ပိုစတာများတွင်လည်းကောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ် Website ရှိ စေ့စပ်ဖြေရှင်းရေးဗွီဒီယိုတွင်လည်းကောင်း သတင်းအချက်အလက်များရယူနိုင်သည့်အပြင်၊ တရားရုံးများ၊ စေ့စပ်ဖြေရှင်းရေးဌာနများတွင်လည်း မေးမြန်းစုံစမ်းနိုင်ပါသည်။